# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ရက်စွဲပါကြေညာချက်အမှတ် (၃၅/၂၀၁၄) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိရှေ့မှောက် ကတိသစ္စာပြုလွှာများယူဆောင်ပြီး လာရောက်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၂ ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များ မိမိနေရာကို ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် ၂ ဦးဆီမှာ ရရှိထားတဲ့ ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးပြီး အစည်းအဝေး ခေတ္တရပ်နားချိန်မှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပေးပို့ရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၁-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၆ ရက်၊

(၂) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၄) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၂ ရက်၊

(၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၆ ရက်၊

(၇) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၈) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း အစည်းအဝေးပြီးဆုံးသည့်ထိ၊

(၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၁၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်၊

(၁၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၂ ရက်၊

(၁၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၁၃) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၁၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော ခွင့် ၂ ရက်၊

(၁၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၁၆) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂ ရက်၊

(၁၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၂ ရက်၊

(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၁၉) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၂ ရက်၊

(၂၀) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၂၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၉ ရက်၊

(၂၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၂ ရက်၊

(၂၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၂၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၂၅) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၉ ရက်၊

(၂၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၂၇) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည့်ထိ၊

(၂၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၂ ရက်၊

(၂၉) ထန်ထလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၃၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၃၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၃၂) ရွာတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၂ ရက်၊

(၃၃) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၃၄) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၃၅) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၃၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၂ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချစ်ခင်လေးစားရပါသော လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရွှင်လန်းစွာ ပြန်လည်တွေ့ဆုံကြရလို့ ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ရက်ပေါင်း(၄၀)ကြာ လွှတ်တော် အစည်းအဝေး ရပ်နားခဲ့သော်လည်း ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရဲ့မဲဆန္ဒနယ်မြေများကို သွားရောက်ပြီး လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်း၊ ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏လိုအပ်ချက်နှင့် အခက်အခဲများကိုနားထောင်ပြီး ကြားသိမြင်တွေ့အောင် ပြုလုပ်ခဲ့ခြင်း

နှင့် နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စများအတွက် ပါဝင်ဆောင်ရွက်ခြင်းများကို ပြည်သူ့ကိုယ်စားလှယ်များ ပီပီ ဆောင်ရွက်ခဲ့ကြခြင်းကိုလည်း ဝမ်းသာအားရရှိပါကြောင်းနှင့် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်များ ဆောင်ရွက်ခဲ့ကြရတဲ့ကိစ္စရပ်များ လွှတ်တော်ရဲ့ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် တာဝန်များကို ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်များဟာ ဥပဒေပြုရေးအပြင် ပြည်သူများ နိစ္စဓူဝတွေ့ကြုံခံစားနေရတဲ့ အခက်အခဲများကို ဖြေရှင်းပေးဖို့လည်း တာဝန်ရှိပါတယ်။ သက်ဆိုင်ရာဒေသမှာ တာဝန်ရှိကြတဲ့ အုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့များအပြင် ပြည်သူလူထုကပါ အလေးထားတိုင်ပင်အပ်သော ဂုဏ်ထူးဝိသေသရှိသူများဖြစ်တာနှင့်အညီ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်းမှစပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်ထွန်းကားရေးအတွက် သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တာဝန်ရှိပါတယ်။ လွှတ်တော်ပြင်ပမှာ ဆောင်ရွက်သင့်၊ ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်များကို ဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီး၌ သက်ဆိုင်သည့်အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်းများ ရှိရမှာဖြစ်သလို အချို့ကိစ္စရပ်များကိုတော့ လွှတ်တော်အတွင်းမှာ မေးမြန်းခြင်း၊ တောင်းဆိုခြင်း၊ ဆွေးနွေးဆောင်ရွက်ခြင်းများ ပြုကြရမှာဖြစ်ပါတယ်။

ပြည်သူ့အခြေပြု၊ ပြည်သူ့ဗဟိုပြုဆောင်ရွက်နေရတဲ့ ခေတ်စနစ်မှာ အောက်ခြေမှ ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်များကို အောက်ခြေအဖွဲ့အစည်းများက တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမှာလည်း ဖြစ်ပါတယ်။ တာဝန်ရှိပြီး တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်နိုင်ပါလျက် အောက်ကတင်ပြလျှင် အထက်ကိုလွှဲလိုက်၊ အထက်ကလာလျှင် အောက်သို့လွှဲလိုက်တဲ့စနစ်၊ ယခင်ပြောနေကျစကားအရဆိုလျှင် ဘော်လီဘောပုတ်နေမှုများကို ဒီမိုကရေစီဖြင့် နိုင်ငံကောင်းအောင် တည်ဆောက်နေတဲ့ ယခုလို အချိန်ကာလမှာ ရှောင်ရှားကြရမှာဖြစ်ပါတယ်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးမဖြစ်ဖို့လိုပါတယ်။ စေတနာမှန်ဖို့နှင့် လုပ်နည်းလုပ်ဟန်တွေ မှန်ဖို့လိုပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျွန်ုပ်တို့တစ်တွေ အသိရှိရှိ၊ သတိရှိရှိလုပ်ကြဖို့နှင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများအတိုင်း ပါဝင်ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအကြိမ် လွှတ်တော်အစည်းအဝေးကစပြီး ရှေ့လွှတ်တော်အစည်းအဝေးများဟာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပြဋ္ဌာန်းရေးအပါအဝင် အခြားအရေးကြီးဥပဒေများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်သလို ဖြည့်စွက်ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရမှာဖြစ်၍ ကိုယ်စားလှယ်များအနေဖြင့် အလုပ်များစွာရှိမှာဖြစ်ပါတယ်။ အလုပ်များကို အောင်မြင်အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ အချိန်ကို လေးစားတန်ဖိုးထားပြီး စနစ်တကျ စီမံသွားမှာဖြစ်ကြောင်းနှင့် အားလုံးက ပူးပေါင်းပါဝင်ဖို့လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးကာလအတွင်း ဆွေးနွေးမည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများကို ဒေသနှင့် တစ်နိုင်ငံလုံးအတွက် အကျိုးရှိရှိထိရောက်စေရန် ချင့်ချိန်သုံးသပ်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ထို့အတူ ကိုယ်စားလှယ်များရဲ့အခွင့်အရေးကို မှန်မှန်ကန်ကန်ရယူဆောင်ရွက်ရမှာ ဖြစ်သလို အခြားကိုယ်စားလှယ်များရဲ့အခွင့်အရေးကို မထိခိုက်အောင် တန်ဖိုးရှိလှတဲ့ လွှတ်တော်အချိန်များ မဆုံးရှုံးကြရအောင် သတိပြုဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံသားများနှင့် ပြည်ထောင်စုအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ကြရာမှာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းများနှင့်အတူ စိတ်ကောင်းစေတနာနှင့်ယှဉ်၍ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်းဖြစ်စေ၊ အခြားလူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်ဖြစ်စေ ဆွေးနွေးပြောဆို ညှိနှိုင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပန်ကြားရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးနဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ခရီးစဉ်များကိုသွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၉-၈-၂၀၁၄ မှ ၂၆-၈-၂၀၁၄ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီး သွားရောက်ခဲ့သည့်ခရီးစဉ်၊

**မူကြမ်း**

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃၁-၈-၂၀၁၄ မှ ၇-၉-၂၀၁၄ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၅-၉-၂၀၁၄ မှ ၉-၉-၂၀၁၄ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့်ခရီးစဉ်၊

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။

## မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းသည် ၅-၉-၂၀၁၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့အတွက် အထူးဝမ်းနည်းစိတ်မကောင်းဖြစ်ကြရပါတယ်။ ဦးမြင့်သိန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်အနိစ္စရောက်ခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ကို ကျန်ရစ်သူမိသားစုများအတွက် စုပေါင်းထောက်ပံ့ကူညီရန် သဘောတူညီခဲ့ကြပါတယ်။ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ကွယ်လွန်ခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့တစ်ရက်စာနေ့တွက်စရိတ်ဖြစ်သော ငွေကျပ် ၄၂၁၀၀၀၀ ကို ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ကျန်ရစ်သူ မိသားစုများထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများတွင် နိုင်ငံတော်အစီအစဉ်ဖြင့် အာဟာရကျွေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မ ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မအနေနဲ့ နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြို ကျောင်းများ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အာဟာရကျွေးရန် အစီအစဉ်ရှိ/မရှိကို ဆွေးနွေးမေးမြန်းသွား မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံရှိ ငါးနှစ်အောက်ကလေးငယ်များ၏ ကျန်းမာရေး အဆင့်အတန်းအရ ရှိသင့်သောကိုယ်အလေးချိန်၊ အရပ်အမောင်းနှင့် ပိန်လှီမှုအခြေအနေများနှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်၊ National Centre for Health Sensitive စံနှုန်းအရ ငါးနှစ်အောက် မြန်မာကလေးငယ်များအနက် ၃၈.၆ ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်လျော့နည်းနေပြီး ၄၁.၆ ရာခိုင်နှုန်းသည် အရပ်ပုနေ၍ ၈.၂ ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်း ၂၀၁၀ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်း သည် ကိုယ်အလေးချိန်လျော့နည်းနေပြီး ၂၈.၆ ရာခိုင်နှုန်းသည် အရပ်ပုနေ၍ ၇.၇ ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်း ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်၌ ကိုယ်အလေးချိန်လျော့နည်းမှုနှုန်း ၁၉.၃ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရှိရ ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်ကလည်း ၃-၆-၂၀၁၄ ရက်နေ့ တွင် ပြည်သူ့လွှတ်တော်၌ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန အာဟာရဌာန စိတ်မှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွေသာမက ခရိုင်နှင့် မြို့နယ်အဆင့်များအထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်နေသော်လည်း အကောင်အထည် မဖော်နိုင်သေးပါကြောင်း ပြောကြားသွားသည်ကို ကြားသိခဲ့ရပါသည်။ နိုင်ငံတော်၏ အနာဂတ် မျိုးဆက်သစ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမှာ မရှိမဖြစ်လိုအပ်သော နိုင်ငံတော်၏ အသက်

သွေးကြောဖြစ်ရာ ဦးစွာအားဖြင့် အာဟာရပြည့်မီအောင်ဆောင်ရွက်ပေးရန် လိုအပ်သော အသက် ခြောက်လမှ ငါးနှစ်အရွယ်ကလေးများသည် လွှတ်တော်အတွင်း ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည့် ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအရ နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများသည် စုဝေးတည်ရှိနေပါသည်။ ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီရေးနှင့် မျိုးဆက်သစ် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆောလျင်စွာဆောင်ရွက်သင့်ပါသဖြင့် လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုများ နှီးနွယ်သောဌာများနှင့် ပေါင်းစပ်၍ အလျင်အမြန်အကောင် အထည်ဖော်သင့်သည်ဖြစ်ရာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (က)နေ့ကလေးထိန်း ဌာနများနှင့် မူကြိုကျောင်းများ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အာဟာရကျွေးရန်အစီအစဉ်ရှိ/မရှိနှင့် (ခ) ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ပြည်သူများအကျိုးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့် မေးမြန်းထားတဲ့ နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အာဟာရကျွေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့် ဆောင်ရွက်မည်ကို သိရှိ လိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်ရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက် ရှိရာ အသက် သုံးနှစ်မှ ငါးနှစ်အထိ ကလေးသူငယ်များအတွက် ရှေးဦးအရွယ် ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးအစီအစဉ်အရ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ

နည်းစနစ်များဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄) အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေထုတ်ပြန်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကိုလည်း ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် မိတ်ဆက်ဖြန့်ဝေခဲ့ပြီး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်း ၇၃ ကျောင်းတွင် ကလေးငယ်များအား အာဟာရစံနှုန်းဖြင့် ပြည့်ဝစွာကျွေးမွေးလျက်ရှိရာ တစ်နေ့တာ ကျွေးမွေးစရိတ်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကလေးတစ်ဦးလျှင် တစ်ရက် ကျပ် ၁၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါတယ်။ အဆိုပါထောက်ပံ့ငွေဖြင့် နံနက်စာအတွက် ထမင်းနှင့် ဟင်း (အသား သို့မဟုတ် ငါး သို့မဟုတ် ကြက်ဥ/ပဲနီလေးဟင်းချို/ဟင်းရွက်ဟင်းချို) ဖြင့်လည်းကောင်း၊ မိဘဆရာအသင်းရန်ပုံငွေဖြင့် နေ့လည်စာဖြည့်စွက်စာအတွက် နို့သာကူ၊ နို့ဆန်ပြုတ်၊ အိုဗာတင်းနဲ့ မုန့်၊ ငှက်ပျောသီး၊ ခေါက်ဆွဲပြုတ်တို့ကိုလည်းကောင်း ကျွေးမွေးလျက်ရှိပါတယ်။

ယခုအခါ မူလတန်းကြိုကျောင်းများရှိ ကလေးများဟာ အာဟာရစံနှုန်းဖြင့် ပြည့်ဝစွာ ကျွေးမွေးနိုင်ရန်အတွက် လက်ရှိအခြေအနေ ကုန်ဈေးနှုန်းနှင့်အညီ ကျွေးမွေးစရိတ်ကို ကလေးတစ်ဦးလျှင် တစ်ရက် ကျပ် ၁၀၀ နှုန်းမှ ကျပ် ၃၅၀ နှုန်းသို့ တိုးမြှင့်သတ်မှတ်နိုင်ရေးကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်တွင် ခွင့်ပြုချက်ရရှိရေးအတွက် ၃-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၄) သို့တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိပြီးပြီဖြစ်ပါသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ခွင့်ပြုချက်ရရှိရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများတွင် ကလေးများအား နိုင်ငံတော်အစီအစဉ်ဖြင့် အာဟာရကျွေးမွေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**မွေးမြူရေးအစာများ သင့်တင့်သောဈေးနှုန်းဖြင့် ရရှိနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု၊ ရေတိုရေရှည် လိုအပ်မှု၊ ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်ပတင်ပို့ရောင်းချမှုနှင့် ပြည်တွင်းတင်သွင်းမှုအခြေအနေများနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖျာပုံမဲဆန္ဒနယ်က ဦးစိုးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံအတွင်း သားငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဓိကအရေးပါတဲ့ အစာကဏ္ဍဖူလုံပြီးတော့ သင့်တင့်တဲ့ဈေးနှုန်းနဲ့ မွေးမြူရေးအစာရရှိစေနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု၊ ရေတိုရေရှည်လိုအပ်မှု၊ ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်ပတင်ပို့ရောင်းချမှုနဲ့ ပြည်တွင်းတင်သွင်းမှု အခြေအနေများနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သိရှိလို၍ ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုးတက်လာတဲ့ လူဦးရေအတွက် ဖူလုံပြည့်ဝစွာစားသုံးနိုင်မယ့် အမျိုးသားစားနပ်ရိက္ခာဖူလုံရေး အစီအစဉ်များမှာ သားငါးထုတ်လုပ်ရေးလုပ်ငန်းဟာ အဓိကကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ နိုင်ငံသားများအတွက် သားငါးရိက္ခာဖူလုံစေသည်သာမက ပိုလျှံသည်များကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချစေခြင်းဖြင့် နိုင်ငံခြားဝင်ငွေများလည်းပဲ တိုးမြှင့်ရှာဖွေပေးနေကြောင်း တွေ့ရှိရပါတယ်။ သားငါးထုတ်လုပ်ရေးလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသများမှာ အခြေစိုက်ဆောင်ရွက်ကြခြင်းဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များကိုလည်း အထောက်အကူပြုလျက်ရှိပါတယ်။ လုပ်ငန်းရှင်အများစုနဲ့ လုပ်သားများဟာ ကျေးလက်ဒေသများမှာ နေထိုင်သူများဖြစ်ခြင်းကြောင့် ကျေးလက်အခြေခံအမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးစတဲ့ အခန်းကဏ္ဍများမှာ စိုက်ပျိုးရေးကဏ္ဍပြီးလို့ရှိရင် ဒုတိယအရေးကြီးဆုံးကဏ္ဍတစ်ခုလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပင်လယ်နဲ့ကုန်းတွင်း၊ အင်းအိုင်၊ ငါးသယံဇာတများ တည်ရှိမှုဟာ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရတဲ့အခြေအနေများမှာရှိတဲ့အတွက် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်ရေးအတွက် သားငါးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမှာလည်း

ဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံများထက်သာလွန်ကောင်းမွန်တဲ့ မိမိတို့နိုင်ငံတော်ကပိုင်ဆိုင်ထားတဲ့ မျှတတဲ့ရာသီဥတု သန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်နဲ့ ကြွယ်ဝတဲ့ရေမြေ၊ နိုင်ငံသားရဲ့ သယံဇာတများကို အခြေခံပြီးတော့ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနဲ့ အမျိုးသားအကျိုးစီးပွားတိုးမြှင့်ဖြစ်ထွန်းရေး အတွက် သားငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နဲ့ ထုတ်လုပ်မြင့်မားလာစေရန် အစီအမံကောင်းများကိုလည်းပဲ စနစ်တကျဆောင်ရွက်ထားရှိရန် လိုအပ်လျက်ရှိပါတယ်။ သားငါးမွေးမြူရေးလုပ်ငန်းဟာ စိုက်ပျိုးရေးထွက်ကုန်များ အစာအဖြစ်အခြေခံအသုံးပြုပြီးတော့ ထုတ်လုပ်မွေးမြူကြခြင်းဖြစ်တဲ့အတွက် အစာကုန်ကြမ်း၊ ကုန်ချောများရဲ့ထွက်ရှိမှု၊ ဈေးနှုန်းအတက်အကျနဲ့ ပြည်ပတင်ပို့မှု၊ ပြည်တွင်းတင်သွင်းမှု အခြေအနေများဟာ သားငါးဈေးနှုန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်လျက်ရှိပြီးတော့ လက်ရှိအခြေအနေမှာတော့ ပြည်သူများအတွက် သားငါးဈေးနှုန်းများ မြင့်မားမှုမရှိစေရန် လုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်များရဲ့ အကျိုးစီးပွားအတွက်လည်း အာမခံနိုင်မှု အခြေအနေပျက်ယွင်းခြင်းမျိုးမရှိစေရန်နဲ့ ထုတ်လုပ်မှုလျော့ချခြင်းမျိုးမရှိစေရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သားငါးမွေးမြူ/ထုတ်လုပ်ရေးလုပ်ငန်းအတွက် အဓိကအရေးပါတဲ့ အစာကဏ္ဍဖူလုံပြီးတော့ သင့်တင့်သောဈေးနှုန်းဖြင့် မွေးမြူရေးအစာရရှိစေနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု၊ ရေတိုရေရှည်လိုအပ်မှု၊ ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်ပတင်ပို့ရောင်းချမှု၊ ပြည်တွင်းတင်သွင်းမှုအခြေအနေများနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေးမှ ဥက္ကဋ္ဌကြီးမှတစ်ဆင့်

ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဆန်စပါးအပါအဝင် စျေးကွက်တွက်ခြေကိုက်တဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အမယ်သစ်သီးနှံများဖြစ်တဲ့ ပိန်းဥ၊ ကန်စွန်းဥ၊ ကညွတ်သီးနှံများကို မျိုးကောင်းမျိုးသန့်များပွားများထုတ်လုပ်ပြီး တောင်သူများကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုရန်အတွက် စိုက်ပျိုးရေးထွက်ကုန်များရဲ့ ဘေးထွက်ပစ္စည်းဖြစ်တဲ့ ဆန်ကွဲ၊ ဖွဲနုများအပြင် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အစေ့ထုတ်ပြောင်းဧက ၁.၀၈ သန်းကျော်၊ နှံစားပြောင်း ဧက ၅.၅ သိန်းကျော်၊ အခြားနှံစားသီးနှံဧက ၃ သောင်းကျော်နှင့် ကွဲနွားစာဧက ၁.၂ သန်းကျော် စိုက်ပျိုးခဲ့ပါတယ်။ စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်အတွက် သီးနှံများအထွက်တိုးစေရန်တို့ကို အဓိကတာဝန်ကြီးသုံးရပ်အဖြစ်နဲ့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သားငါးမွေးမြူရေးလုပ်ငန်းများအတွက် ပြည်တွင်းမှရရှိနိုင်တဲ့ တိရစ္ဆာန်အစာကုန်ကြမ်းများနှင့် ပြည်ပမှတင်သွင်းသည့် တိရစ္ဆာန်အစာ ကုန်ကြမ်းဖြစ်တဲ့ Soyabean Powder ပဲပုပ်ဖတ်၊ ပဲပုပ်မှုန့်၊ Vet Soylac, Provisoy စသည်တို့ကို နည်းပညာများဖြင့် ပြုပြင်ထုတ်လုပ်ပြီး မွေးမြူရေးအစာကဏ္ဍဖူလုံစေရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မွေးမြူရေးအစာပြုပြင်ထုတ်လုပ်တဲ့ ပုဂ္ဂလိက မွေးမြူရေးအစာကုမ္ပဏီများနှင့် စက်ရုံ ၁၇ ရုံ ရှိပြီးတော့မှ နိုင်ငံတော်အစာစပ်စက်ရုံ ငါးရုံကနေပြီး မွေးမြူရေးအစာများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နိုင်ငံပိုင်အစာစပ်စက်ရုံများကိုလည်း ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ပြည်တွင်းပြည်ပမှရရှိတဲ့ တိရစ္ဆာန်အစာကုန်ကြမ်းများကို အာဟာရလိုအပ်ချက်ပေါ်မူတည်ပြီး အသားဓာတ်ပါဝင်မှုကို အခြေခံပြီးထုတ်လုပ်လျက်ရှိပါတယ်။

မွေးမြူရေးအစာကုန်ကြမ်းများထုတ်လုပ်တဲ့နေရာမှာ လုပ်အားခနှင့် အထွေထွေစရိတ် အပါအဝင် ထုတ်လုပ်မှုစရိတ်များရှိပါတယ်။ လက်ရှိဒေသပေါက်စျေးအပေါ်မှာ အခြေခံပြီးတော့မှ တစ်ပိဿာစျေးနှုန်းကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးကဏ္ဍမြှင့်တင်ဆောင်ရွက်လာနိုင်ရန် တိုးတက်လာတဲ့ တိရစ္ဆာန်ကောင်ရေနှင့်အညီ တိရစ္ဆာန်အစာများဖွံ့ဖြိုးတိုးတက်လာစေရန် ရေတို/ရေရှည်တိရစ္ဆာန်အစာလုံလောက်မှုရှိစေရန်အတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အေဂျင်စီ(IAEA)၊ မယ်ဖာလုံဖောင်ဒေးရှင်း၊ နယူးဇီလန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့နှင့် ပူးပေါင်းပြီးတော့မှ အာဟာရဓာတ်ပါဝင်သော

မြက်မျိုးများရရှိရန် စားကျက်မြက်မျိုးစေ့များ မှာယူတင်သွင်းခြင်း၊ ဒေသနှင့်ကိုက်ညီတဲ့ အရှေ့တောင်အာရှဒေသအတွင်း ကောင်းမွန်စွာပေါက်ရောက်တဲ့ မြက်မျိုး ၁၇ မျိုး၊ သစ်ဥသစ်ဖု ၁၃ မျိုး၊ နွယ်ပင်မျိုး လေးမျိုးနှင့် ပဲမျိုးနွယ်တို့ကို ဒေသခံတောင်သူများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှာ ဒေသနှင့်သင့်လျော်ပြီး ထုတ်လုပ်မှုမြင့်မားတဲ့ မျိုးစေ့များပေးအပ်ပြီး စားကျက်မြေများ တိုးချဲ့စိုက်ပျိုးစေလျက်ရှိပါတယ်။

အရည်အသွေးပြည့်မီတဲ့ အစာများရရှိရေးအတွက် အာဟာရဓာတ်ပါဝင်မှုကို ရန်ကုန်၊ မန္တလေးမှာရှိတဲ့ အစာအရည်အသွေးစစ်ဆေးရေးဆိုင်ရာ ဓာတ်ခွဲခန်းများမှာ ခွဲခြမ်းစစ်ဆေးခြင်း၊ တိရစ္ဆာန်အစာကျွေးမွေးမှုပညာပေးသင်တန်းများ Urea Treated Straw ယူရီးယားဖြည့်စွက်ထားတဲ့ ကောက်ရိုး၊ မြက်ချဉ်ဖတ်၊ ယူရီးယားသကာတုံး ပြုလုပ်နည်းသင်တန်းများ၊ တိရစ္ဆာန်အစာကျွေးမွေးမှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ မြက်များ၊ ပဲမျိုးနွယ်များ စိုက်ပျိုးကျွေးမွေးခြင်းဖြင့် အစာနုကျွေးမွေးမှုလျော့နည်းပြီး ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းနိုင်မှာ ဖြစ်ပါတယ်။

ငါး/ပုစွန် မွေးမြူရေးကန်များမှာ သင့်တင့်တဲ့ဈေးနှုန်းဖြင့် အစာရရှိစေရန် ကုမ္ပဏီများမှ ပြည်တွင်း၌ အစာစပ်စက်ရုံတည်ဆောက်ပြီး၊ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ အချို့သော ငါး/ပုစွန်မွေးမြူရေးစခန်းများဟာ ၎င်းတို့ကိုယ်ပိုင်ဖော်စပ်အစာ Farm Made Pellet ဖြင့် အစာထုတ်လုပ်ပြီး ကျွေးမွေး မွေးမြူကြပါတယ်။

ပြည်ပသို့ ငါး/ပုစွန်တင်ပို့ရောင်းချမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၃၄၅၂၆၇ မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၃၆.၂၇၄ သန်းရရှိပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဇွန်လအထိ တင်ပို့မှုဟာ ၇၄၅၀၅ မက်ထရစ်တန်နှင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၆.၇၇၉ သန်းရရှိပြီး ဖြစ်ပါတယ်။ ပြည်တွင်းသို့ တင်ပို့မှုအနေနဲ့ ငါး/ပုစွန်အစာစပ်စက်ရုံပိုင် ကုမ္ပဏီများမှ လိုအပ်တဲ့ဆေးဝါးများနှင့် အစာကုန်ကြမ်းများ မှာယူတင်သွင်းခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ငါး/ပုစွန်အစာနှင့် ကုန်ကြမ်းစာရင်း ၉၄၉၆ မက်ထရစ်တန်ဖြစ်ပါတယ်။ နှစ် ၃၀ စီမံကိန်းမှာလည်း ငါးမွေးကန်များအတွက် အစာလိုအပ်ချက်ကို ရေတိုရေရှည်တွက်ချက်ထားပြီး ဖြစ်ပါတယ်။ ရေချိုငါးမွေးကန်များ အစာလိုအပ်ချက်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ငါးမှုန့်၊ ဖွဲနု၊ ပဲပိစပ်နှင့် ပြောင်းမှုန့် စုစုပေါင်းပိဿာချိန် ၈၅၅.၃ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ငါးမှုန့်၊ ဖွဲနု၊ ပဲပိစပ်နှင့် ပြောင်းမှုန့် စုစုပေါင်းပိဿာချိန် ၈၈၆.၄ သန်းလိုအပ်မှာဖြစ်ကြောင်း တွက်ချက်လျာထားပြီး ဖြစ်ပါတယ်။

**မူကြမ်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာစံနှုန်းများနှင့်အညီ ကုန်သွယ်မှုဆိုင်ရာများအား ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိရာမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ကဏ္ဍတိုးတက်လာအောင်ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း တိရစ္ဆာန်အစားအစာကုန်ကြမ်းများဖြစ်တဲ့ ဆီကြိတ်ဖတ်အားလုံးနှင့် ပုစွန်၊ ဖွဲတို့ကို တင်ပို့ရန် ခွင့်မပြုသောပစ္စည်းများအဖြစ် ဆက်လက်ထည့်သွင်းသတ်မှတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် စားဖိုဆောင်သုံးသီးနှံများကို ဈေးကွက်များရဲ့ လိုအပ်ချက်အရလည်းကောင်း၊ တောင်သူလယ်သမားများထိုက်သင့်တဲ့ အကျိုးအမြတ်များရရှိစေရန်အတွက်လည်းကောင်း၊ ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဆန်ပြည်ပတင်ပို့မှုနှင့်ပတ်သက်ပြီး ယခင်နယ်စပ်စခန်းများမှ တစ်ဖက်နိုင်ငံများကို ဆန်တင်ပို့ရန် ဆိုင်းငံ့ထားရာမှ ဈေးကွက်လိုအပ်ချက်များ ရှိနေတဲ့အတွက် နိုင်ငံတကာပေါက်ဈေးနှင့်အညီ နယ်စပ်စခန်းများမှ အိမ်နီးချင်းနိုင်ငံများကို ၂၀၁၂ ခုနှစ်ကစတင်ပြီး လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့ပါတယ်။

ပြည်ပနိုင်ငံများကို ပင်လယ်ရေကြောင်းမှ အပါအဝင် နယ်စပ်ဒေသများမှပါ ဆန်တင်ပို့မှုခွင့်ပြုပေးလျက်ရှိပါတယ်။ အလားတူ ကျွန်တော်တို့ ဆန်ကွဲကိုလည်းပဲ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစတင် တင်ပို့ခွင့်ပြုခဲ့သော်လည်း ပြည်တွင်းတိရစ္ဆာန်အစားအစာလိုအပ်ချက်ကို မထိခိုက်စေရန်အတွက် ဖွဲနုအပါအဝင် အခြားဆန်ထွက်ပစ္စည်းများကို တင်ပို့ခွင့်ပြုထားခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။ ရေထွက်ပစ္စည်းတင်ပို့မှုနှင့် ပတ်သက်ပြီး ယခင်ကုန်ကြမ်းအတိုင်း တင်ပို့နေရာက အခုအခါမှာ ပြည်တွင်းမှာ အဆင့်မြှင့်ထုတ်ကုန်များ Value Added အဖြစ်ပြုပြင်ထုတ်လုပ်ပြီး စတင်တင်ပို့လျက်ရှိနေပြီဖြစ်ပါတယ်။ ထိုသို့ ရေထွက်ပစ္စည်းများ အခြောက်ခံခြင်း၊ အမှုန့်ကြိတ်ပြုပြင်ထုတ်လုပ်ခြင်းကြောင့် ဘေးထွက်ပစ္စည်းများရရှိလာသဖြင့် တိရစ္ဆာန်အစာအတွက် အထိုက်အလျောက်ဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။

ပြည်ပပို့ကုန်ပမာဏပိုမိုတိုးတက်ရရှိစေရန်နှင့် မြန်မာနိုင်ငံထွက်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်မှာ Market Share များရရှိနိုင်စေရေးနှင့် ပြည်တွင်းတိရစ္ဆာန်အစာများ ပေါများစွာရရှိလာနိုင်စေရေးတို့အတွက် အဆင့်မြင့်ရေထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ အမြောက်အမြားပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အခုအခါမှာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသဖြင့် ရေထွက်ပစ္စည်း

များအား ပြည်ပမှတင်သွင်းပြီး မိမိနိုင်ငံအတွင်း အဆင့်မြှင့်ထုတ်ကုန် Value Added အဖြစ်ပြုပြင်ထုတ်လုပ်ပြီး EU နိုင်ငံများကို ပြန်လည်တင်ပို့နိုင်တဲ့ ရေထွက် CMP များ စတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရေထွက် CMP စက်ရုံများနဲ့ ပြည်တွင်းပုဂ္ဂလိက ရေထွက်ပစ္စည်းစက်ရုံများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်ပါက ပြည်တွင်းတိရစ္ဆာန်အစားအစာလိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

တိရစ္ဆာန်အစာကွင်းဆက် Food Chain နှင့်ပတ်သက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပွဲများကျင်းပပြီး ထွက်ရှိလာသည့်ရလဒ်များအပေါ်မူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြေကြားအပ်ပါတယ်။

**ရှမ်းပြည်နယ်ရှိ ဟိုနမ့်-ထီတခေါ့-ဖာစန်း၊ ဟိုနမ့်-ခူးဝိန်း-နောင်ဗိုလ်၊ အနောက်ပူယာစန်း-ပုန်းအောင်-ထီပျဉ်-ပန်းတန် မြေသားလမ်းတို့အား ကျောက်ချောခင်းပေးမည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးလက်ဒေသ ရာသီမရွေးအသုံးပြုသွားလာနိုင်မည့် ကျေးရွာချင်းဆက် ကျောက်ချောလမ်းပိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မောက်မယ်မြို့နယ်၌ မောက်မယ်-ဟိုနမ့် ၁၈ မိုင်လမ်းပိုင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးမှာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူလူထုမှ လုံးဝမမျှော်လင့်ထားသော လမ်းပိုင်းဖြစ်ပြီး ဤလမ်းပိုင်းကြီးပြီးစီးသွားပါက ရှမ်းပြည်နယ်(တောင်ပိုင်း)အထိ ဆက်သွယ်သွားလာရေး၊ ကုန်စည်စီးဆင်းရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များမှ တောင်ကြီးမြို့သို့ ဆက်သွယ်သွားလာရာတွင် ခရီးမိုင် (၅၀)ဝန်းကျင် လျော့နည်း

သက်သာသွားမည်ဖြစ်ပါသည်။ ဤလမ်းမကြီးသည် ဟိုနမ့်ဒေသကိုဖြတ်၍ စိုင်းခေါင်မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါသည်။ ဟိုနမ့်ဒေသတွင် ကျေးရွာအုပ်စုနှစ်ခု ရှိပြီး ယခင်ကတည်းက မြေသားလမ်းပိုင်းများ ဖောက်လုပ်ထားသော်လည်း ပွင့်လင်းရာသီကာလများ တွင်သာ ဆက်သွယ်သွားလာနိုင်ပါသည်။ မိုးရာသီတွင် ဆက်သွယ်သွားလာရေးကိစ္စများ အခက်အခဲ ကြုံကြရပါသည်။

သို့ဖြစ်ပါ၍ ဆောင်ရွက်ပြီးစီးမည့် မောက်မယ်-ဟိုနမ့် ကတ္တရာလမ်းမကြီးကိုဗဟိုပြုလျက် ကျေးရွာချင်းဆက်ကျောက်ချောလမ်းပိုင်းများကို ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ သည်။ အောက်ပါမေးခွန်းများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်း အပ်ပါသည်။ ဟိုနမ့်-ထီတခေါ့-ဖာစန်း မြေသားလမ်းအား ကျောက်ချောခင်းပေးနိုင်မည့်အစီအစဉ်များ သိရှိလိုပါသည်။ (ခ) ဟိုနမ့်-ခူးဝိန်း-နောင်ဗိုလ် မြေသားလမ်းအား ကျောက်ချောခင်းပေးနိုင်မည့် အစီ အစဉ်များကို သိရှိလိုပါသည်။ (ဂ) အနောက်ပူယာစန်း-ပုန်းအောင်-ထီပျဉ်-ပန်းတန် လမ်းပိုင်းတို့အား ကျောက်ချောခင်းပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်မှပဲ ဆက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းငေါင်းဆိုင်ဟိန်းက ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပြီး အခုလို ကြယ်ပွင့်ပြမေးခွန်းမေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းမှာရှိတဲ့ ဟိုနမ့်-ထီတခေါ့-ဖာစန်းလမ်း သုံးမိုင်၊ ဟိုနမ့်-ခူးဝိန်း-နောက်ဗိုလ်လမ်း သုံးမိုင်နဲ့ အနောက်ပူယာစန်း-ပုန်းအောင်-ထီပျဉ်-ပန်းတန်လမ်း ၉ မိုင်တို့ကို လက်ရှိအခြေအနေမှာ မြေသားလမ်းဖြစ်ပြီးတော့မှ အဆိုပါလမ်းများဟာ ကျေးရွာပေါင်း ကိုးရွာ၊ အိမ်ခြေ ၉၁၉ အိမ်ရှိပြီး လူဦးရေ ၅၇၀၂ ဦးကိုအကျိုးပြု

ပါတယ်။ ဟိုနမ့်-ထီတခေါ့-ဖာစန်းလမ်း သုံးမိုင် ကျောက်ချောလမ်းခင်းပါက ငွေကျပ် ၁၇၃ သန်း၊ ဟိုနမ့်-ခူးဝိန်း-နောင်ဗိုလ်လမ်း သုံးမိုင် ကျောက်ချောလမ်းခင်းပါက ငွေကျပ် ၁၇၃ သန်းနှင့် ၁၀ ပေတံတားတစ်စင်းအတွက် ငွေကျပ် ငါးသန်း၊ အနောက်ပူယာစန်း-ပုန်းအောင်-ထီပျဉ်-ပန်းတန်လမ်း ၉ မိုင် ကျောက်ချောလမ်းခင်းပါက ငွေကျပ် ၅၁၉ သန်းနှင့် ၁၀ ပေ တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် ငါးသန်း စုစုပေါင်း ငွေကျပ် ၈၇၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးရန်ပုံငွေ ကျပ် ၁၀၄၃၀.၉၅၄ သန်းဖြင့် ကတ္တရာလမ်း ၂၄ မိုင်၊ ကျောက်ချောလမ်း ၁၁၃ မိုင်၊ မြေသားလမ်း ၁၅၇ မိုင် ၄ဖာလုံ၊ သစ်သားတံတား ၁၆၄၅ ပေနဲ့ ရေပြွန် ၁၅၂၇ ပေတို့ကိုဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်း သုံးလမ်းနဲ့ တံတားများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ခွင့်ပြုထားခြင်းမရှိသေးပါကြောင်းနှင့် ဟိုနမ့်-ထီတခေါ့-ဖာစန်းလမ်း သုံးမိုင်နှင့် ဟိုနမ့်-ခူးဝိန်း-နောင်ဗိုလ်လမ်း သုံးမိုင်တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေ တင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၅**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

**Market Development Criteria ကို အတိအကျ Commitment သတ်မှတ်ပေးပြီး ၎င်းအတိုင်း မလုပ်ဆောင်ပါက လိုင်စင်ရုပ်သိမ်းနိုင်သည်အထိ စည်းကမ်းချက်များ ပါဝင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ နိုင်ငံခြားဘဏ်များရွေးချယ်ခွင့်ပြုရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်ထောင်စုလွှတ်တော်တွင် ၂၅-၆-၂၀၁၄ ရက်နေ့က လာရောက်ရှင်းလင်းခဲ့ပြီး ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာလည်း လာရောက်ရှင်းလင်းခဲ့တာကို ကျေးဇူးတင်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗဟိုဘဏ်မှ လာရောက်ရှင်းလင်းစဉ်က နိုင်ငံခြားဘဏ်များ ရွေးချယ်ခွင့်ပြုရေးနှင့်ပတ်သက်၍ Main Criteria သုံးခုအနက်မှ Market Development Criteria များကို အမှတ်အများဆုံးပေးမည်ဖြစ်ကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံခြားဘဏ်များမှလည်း Request For Proposal (RFP)ကို ဗဟိုဘဏ်သို့တင်ပြတဲ့အခါမှာ အမှတ်အများဆုံးရရှိရန်အတွက် ရေးဆွဲတင်ပြကြမည်သာဖြစ်ပါတယ်။ တကယ့်လက်တွေ့တွင် နိုင်ငံခြားဘဏ်များအနေဖြင့် မိမိဘဏ်ရပ်တည်နိုင်ရေးနှင့်အကျိုးအမြတ်ရရှိရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပြီး Commitment ပေးထားသော မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှု၊ ငွေကြေးကဏ္ဍတိုးတက်ရေးအတွက် ပံ့ပိုးမှုနှင့် ပြည်တွင်းဘဏ်များနှင့်ပူးပေါင်းပြီး အကူအညီ ပံ့ပိုးမှုပေးမှုများကိုလည်း မည်သည့်အတိုင်းအတာ၊ မည်သည့်အရေအတွက်၊ မည်သည့်ခုနှစ်အတွင်း၊ မည်မျှပံ့ပိုးရမည်ဆိုသည့် တိကျသောဖော်ပြချက်နှင့် အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အကယ်၍ ဖော်ပြပါအရေအတွက်နှင့်သတ်မှတ်ချိန်များအတိုင်း လိုက်နာပံ့ပိုးနိုင်မှု မရှိပါက လိုင်စင်ပြန်လည်ရုပ်သိမ်းရန် မလွယ်ကူသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်များအား Supervisory Board အနေဖြင့် မည်ကဲ့သို့ စောင့်ကြည့်ဆောင်ရွက်ရမည်ကိုလည်းကောင်း၊

လုပ်ကိုင်ခွင့်လိုင်စင်ကို ထုတ်ပေးတဲ့အခါမှာ RFP တွင်ပါရှိသည့် Commitment အတိုင်း ဆောင်ရွက်ရန်နှင့် ဆောင်ရွက်နိုင်မှုမရှိပါက လိုင်စင်ရုပ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်းကို လိုင်စင်ခွင့်ပြုချက်တွင် ထည့်သွင်းဖော်ပြလက်မှတ်ရေးထိုးထားရန် လိုအပ်မည်ဟု ထင်မြင်ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ ပထမမေးခွန်းအနေဖြင့် Market Development Criteria ကို အတိအကျသတ်မှတ်ပေးပြီး Commitment ရယူထားရန်နှင့် ၎င်း Commitment အတိုင်း မလုပ်ဆောင်နိုင်ပါက လိုင်စင် ရုပ်သိမ်းနိုင်သည်အထိ စည်းကမ်းချက်များပါဝင်မှုရှိ/မရှိ ရှင်းလင်းစွာသိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။ ဒုတိယမေးခွန်းအနေဖြင့် Full Branch, Subsidiary နှင့် JV တို့တွင် BOD Capital, Ownership, Compliance, Financial Statement, Statutory Requriment, Taxation စသည့် Criteria များအား တိကျစွာသတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုလိုသော Quasi Branch မှာ Full Branch နှင့် Subsidiary ပါ လိုင်စင်ပါအချက်များအား ရောနှောသုံးစွဲထားတဲ့အပြင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ Subsidiary ကဲ့သို့ မှတ်ပုံတင်မှုရှိ/မရှိကို တိကျစွာရှင်းပြရန် လိုအပ်ပါသည်။ Subsidiary ကဲ့သို့ Capital ကို ဗဟိုဘဏ်မှ Lock in လုပ်ထားခြင်းမှလွဲ၍ Full Branch ပါလုပ်ပိုင်ခွင့်များ အပြည့်အဝပါဝင်နေသဖြင့် Subsidiary ပါအချက်များ အပြင် Full Branch ပါအချက်များအား မည်မျှပါဝင်သည်ကို ဆန်းစစ်ရန်လိုအပ်သည့်အတွက် ဒုတိယမေးခွန်းကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုလိုသော Quasi Branch of Criteria များအား အသေးစိတ်သတ်မှတ်ထားခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗဟိုဘဏ်မှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံခြားဘဏ်များ ရွေးချယ်တဲ့အခါမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အဓိက Main Criteria သုံးခုကို ချမှတ်ထားတယ်ဆိုတာ ရှင်းပြပြီးသားဖြစ်ပါတယ်။ အဓိက Main Criteria သုံးခုထဲမှာ ပထမတစ်ခုကတော့ Prudential Criteria လို့ခေါ်တဲ့အချက်ဖြစ်ပါတယ်။ Prudential Criteria ဆိုတာကတော့

နိုင်ငံတကာကသတ်မှတ်တဲ့ ဥပမာ နိုင်ငံတကာဆိုတဲ့နေရာမှာ ကမ္ဘာ့ဗဟိုဘဏ်များရဲ့ ဗဟိုဘဏ်လို့ ယူဆလို့ရတဲ့ Bank For International Settlement(BIS)ကနေပြီးတော့ သတ်မှတ်ထားတဲ့ ဒီဘဏ်များလိုက်နာရမယ့် စည်းကမ်းတွေကို လိုက်နာမှုရှိ/မရှိ စစ်ဆေးတာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကတော့ Capability Criteria ဖြစ်ပါတယ်။ ဒီ Capability Criteria ကတော့ လျှောက်လွှာတင်တဲ့ နိုင်ငံခြားဘဏ်တွေအနေနဲ့ကနေပြီးတော့ ဘယ်လောက်အထိ နိုင်ငံတကာမှာ စွမ်းဆောင်ရည်ရှိသလဲ၊ ဘယ်လိုလုပ်ငန်းတွေကို အောင်အောင်မြင်မြင်နဲ့ လုပ်နိုင်တယ်ဆိုတဲ့အချက်ကို စိစစ်တာဖြစ်ပါတယ်။ တတိယ Criteria ကတော့ Market Development Criteria ပဲဖြစ်ပါတယ်။ ဒီ Market Development Criteria ကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ဥစ္စာ ပိုပြီးတော့များတဲ့အတွက် ဒီ Market Development Criteria ကိုလည်း အမှတ်ကို ပိုပေးထားပါတယ်။ ဒါပေမယ့် အမှတ်ကိုပိုပေးထားတယ်ဆိုပေမယ့် ပထမ Criteria နှစ်ခုဟာ အရေးမကြီးတဲ့ Criteria တွေ မဟုတ်ပါဘူး။ ပထမ Criteria နှစ်ခုဟာ ဘဏ်ရွေးချယ်ရေးမှာ အရမ်းကိုအရေးကြီးတဲ့ နိုင်ငံတကာမှာ ဒီနိုင်ငံခြားဘဏ်တွေဟာ ဘယ်လောက်အထိ လုပ်ငန်းတွေလုပ်နေလဲ၊ ဘယ်လောက်အထိ အန္တရာယ်မရှိဘဲနဲ့ လုပ်နေနိုင်တယ်ဆိုတဲ့ စည်းကမ်းတွေနဲ့ သတ်မှတ်ထားတဲ့အချက်တွေကို ဘယ်လောက်အထိ လိုက်နာနိုင်တယ်ဆိုတဲ့အချက်ကို စစ်ဆေးတာဖြစ်တဲ့အတွက် ပထမ Criteria နှစ်ခုဟာလည်း အရမ်းအရေးကြီးတဲ့ Criteria နှစ်ခုဖြစ်ပါတယ်။ ဒီ Market Development Criteria ကိုမှ သုံးပိုင်းခွဲပြီးတော့ စိစစ်ခဲ့ပါတယ်။

ပထမတစ်ပိုင်းကတော့ ဒီဘဏ်တွေရဲ့ မျှော်မှန်းလုပ်ငန်းစဉ်ဖြစ်တဲ့ Projective Plans၊ Business Plan ကို အဓိကစစ်ပါတယ်။ လုပ်ငန်းစဉ်တွေကို စစ်ပါတယ်။ ဒီ Business Plan မှာ လျှောက်လွှာတင်တဲ့ဘဏ်တွေက မြန်မာနိုင်ငံမှာ ဘာလုပ်ငန်းတွေလုပ်မှာလဲ၊ ဒီလုပ်ငန်းတွေကို ဘယ်လိုပုံစံမျိုးနဲ့လုပ်မှာလဲ။ ပြီးတော့ ဒီလုပ်ငန်းတွေကို ဘယ်လိုပုံစံမျိုးနဲ့ တိုးချဲ့မှာလဲ။ ပထမနှစ်မှာ ဘယ်လိုတိုးချဲ့မှာလဲ၊ ဒုတိယနှစ်မှာ ဘယ်လိုတိုးချဲ့မှာလဲ၊ တတိယနှစ်မှာ ဘယ်လိုတိုးချဲ့မှာလဲဆိုတဲ့ Projective Plans တွေကို စိစစ်ပါတယ်။ အဲဒီ Projective Plans တွေကို စိစစ်တဲ့အခါမှာ ပထမနှစ်မှာ လုပ်မယ့်လုပ်ငန်းတွေ၊ ဒုတိယနှစ်မှာ လုပ်မယ့်လုပ်ငန်းတွေဟာ ဖြစ်နိုင်ခြေရှိရဲ့လား။ ဒီဘဏ်ဟာ တကယ်ကော လုပ်နိုင်ရဲ့လားဆိုတာတွေကို ဒုတိယအချက်ဖြစ်တဲ့ Capability Criteria နဲ့ပြန်ပြီးတော့ Cross Checking လုပ်ရပါတယ်။ ပြီးလို့ရှိရင် အဲဒီ Business Plan ကို သေသေချာချာ စိစစ်ပြီးတဲ့အချိန်မှာ Market Development Criteria ရဲ့ ဒုတိယပိုင်းအနေနဲ့ မြန်မာနိုင်ငံစီးပွားရေး

နဲ့ ငွေရေးကြေးရေးကဏ္ဍမှာ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်တယ်ဆိုတဲ့အချက်ကို စိစစ်ပါတယ်။

နောက် တတိယအချက်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်တွင်းဘဏ်တွေကို ဘယ်လို အထောက်အပံ့များပေးနိုင်မလဲ စိစစ်ပါတယ်။ အဲဒီလိုစိစစ်တဲ့အခါမှာ ဒီ Market Development Criteria အချက်သုံးချက်မှာ ဒီဘဏ်တွေကနေပြီးတော့ သူတို့ရဲ့အစီအစဉ်တွေ၊ Projective Plans တွေ၊ နောက်ပြီးတော့ သူတို့ရဲ့ ကတိကဝတ်တွေ(Commitments)တွေ ပေးတဲ့အခါမှာ အဲဒီအစီအစဉ်တွေ၊ ကတိကဝတ်တွေကို အပိုင်းသုံးပိုင်းခွဲပြီးတော့ စိစစ်လို့ရပါတယ်။ လေ့လာလို့ရပါတယ်။ ပထမအပိုင်းကတော့ ဒီဈေးကွက်ကို မူတည်တဲ့ Market Dependent ဖြစ်တဲ့ အချက်များဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် နိုင်ငံခြားဘဏ်ကနေပြီးတော့ ပထမနှစ်မှာ ငွေဘယ်လောက်ငွေချေးမလဲ၊ ဒုတိယနှစ်မှာ ဘယ်လောက်ငွေချေးမလဲ၊ တတိယနှစ်မှာ ဘယ်လောက်ငွေချေးမလဲဆိုတဲ့အချက်က ဈေးကွက်ပေါ်မူတည်တဲ့ Market Dependent ဖြစ်တဲ့၊ Market Demand ပေါ်မှာ မူတည်တဲ့အတွက် ဒီအချက်တွေကို သူတို့လုပ်တယ်၊ မလုပ်တယ်ဆိုတာ ဗဟိုဘဏ်အနေနဲ့ Market Demand ပေါ်မှာ သာရှိတာဖြစ်တဲ့အတွက် ဒီအချက်တွေကို (Pressure)ဖိအားပေးလို့မရပါဘူး။ ဒုတိယအချက်အနေနဲ့ နိုင်ငံခြားဘဏ်တွေဟာ ဥပမာဆိုလို့ရှိရင် ပြည်တွင်းဘဏ်တွေကို ဘယ်လောက်အထိ အထောက်အပံ့ ပေးမလဲ၊ ပြည်တွင်းဘဏ်တွေကို ဘယ်လို Training တွေပေးမှာလဲ။ ပြည်တွင်းဘဏ်တွေကို ၎င်းတို့မိခင်နိုင်ငံအထိ ခေါ်သွားပြီးတော့ ၎င်းတို့ရဲ့ Headquarter မှာ On the Job Training တွေ ဘာတွေပေးမယ်ဆိုတဲ့အချက်ကို ဘယ်လောက်အထိ လုပ်ပေးနိုင်မှာလဲဆိုတဲ့အချက်ကို စောင့်ကြည့်စစ်ဆေးပြီးတော့ Monitor လုပ်ပြီးတော့ ဖိအားပေးနိုင်မယ့်အစီအစဉ်များကိုလည်း ဗဟိုဘဏ်က ချမှတ်ထားပြီး ဖြစ်ပါတယ်။ တတိယအပိုင်းအနေနဲ့ကတော့ နိုင်ငံခြားဘဏ်တွေအနေနဲ့ မလုပ်မနေရ၊ မလုပ်လို့ကိုမရတဲ့ အချက်များဖြစ်ပါတယ်။ ဥပမာဆိုရင် နိုင်ငံခြားဘဏ်တွေကနေပြီးတော့ အနည်းဆုံး အမေရိကန်ဒေါ်လာ ၇၅ သန်းကို မတည်ငွေရင်းအဖြစ်နဲ့ ယူလာရမယ်။ အဲဒီ ၇၅ သန်းကိုမှ 7 percentage ရာခိုင်နှုန်းတစ်ခုကို Lock in လုပ်ထားရမယ်ဆိုတဲ့အချက်တွေက မလုပ်မဖြစ်လုပ်ရတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေကို သွေဖည်သွားမယ်ဆိုရင်တော့ မြန်မာနိုင်ငံဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားဘဏ်တွေကို လိုင်စင်ရုပ်သိမ်းသည်အထိ အရေးယူမယ့်အစီအစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်းကို လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယအနေနဲ့ ပထမမေးခွန်းမှာပဲ ဒုတိယပြောသွားတဲ့အချက်ဟာ Full Branch တွေအနေနဲ့ Subsidiary လိုပုံစံမျိုး အလုပ်လုပ်တဲ့အတွက် Subsidiary ကဲ့သို့ မြန်မာနိုင်ငံမှာ Incorporation လုပ်မလားဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒါတွေဟာ Full Branch တွေဖြစ်ပါတယ်။ ဒါပေမယ့် Full Branch တွေက နိုင်ငံတကာမှာ အန္တရာယ်ရှိနိုင်တဲ့အချက်ကလေးတွေရှိတဲ့အတွက် ဒီအန္တရာယ်ရှိနိုင်တဲ့အချက်တွေကို ကာကွယ်နိုင်ဖို့လို့အတွက် Full Branch ပေးပေမယ့် Subsidiary များလိုက်နာရမယ့်အချက်အလက်များကို ထည့်သွင်းပြီးတော့ သတ်မှတ်ထားတဲ့အတွက် ဒီ Branch တွေဟာ Full Branch တွေပဲဖြစ်ပါတယ်။ Subsidiary မဟုတ်ပါဘူး။ အဲဒါကြောင့်မို့လို့ Subsidiary များကဲ့သို့ မြန်မာနိုင်ငံမှာ Incorporation လုပ်စရာမလိုတဲ့အကြောင်းကို ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အဲဒီမှာ သူတို့အတွက် သတ်မှတ်ထားတဲ့အချက်အလက်များဖြစ်တဲ့ ဥပမာဆိုလို့ရှိရင် မြန်မာတစ်နိုင်ငံလုံးမှာ Branch တစ်ခုသာရှိရမယ်ဆိုတဲ့အချက်၊ နောက် Corporate Banking ကိုသာ လုပ်ရမယ်ဆိုတဲ့အချက်၊ အဲ့ဒီ Corporate Banking မှာမှ နိုင်ငံခြားကုမ္ပဏီများနဲ့ ပြည်တွင်းဘဏ်များကိုသာပေးရမယ်။ တကယ်လို့ ဒီပြည်တွင်းလုပ်ငန်းတွေကို ငွေချေးတော့မယ်ဆိုလို့ရှိရင် ပြည်တွင်းဘဏ်များမှတစ်ဆင့်သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် ပြည်တွင်းဘဏ်များနဲ့ပူးပေါင်းပြီးတော့ Syndicated Lending အဖြစ်နဲ့သော်လည်းကောင်း ငွေချေးရမယ်ဆိုတဲ့အချက်တွေပါပါတယ်။ အဲဒီအထဲမှာမှ Quasi Capital ဖြစ်တဲ့ -------US Dollar ၇၅ သန်းကို ယူလာရမယ်ဆိုတဲ့အချက်ကတော့ Full Branch တွေအနေနဲ့ တခြားနိုင်ငံတွေမှာ မလုပ်ရတဲ့အချက်ဖြစ်ပါတယ်။ ဒါပေမယ့် Subsidiary တစ်ခုအနေနဲ့ Assign Capital ဆိုပြီးတော့ ၇၅ သန်းကို ကျွန်တော်တို့ ယူလာခိုင်းတာဖြစ်ပါတယ်။ အဲ့ဒီမှာတင် ထပ်ပြီးတော့ Joint Supervision မြန်မာနိုင်ငံဗဟိုဘဏ်ကမကဘဲနဲ့ သူတို့တွေရဲ့ မိခင်နိုင်ငံက ဗဟိုဘဏ်တွေနဲ့ ပူးပေါင်းပြီးတော့ Joint Supervision လုပ်မယ်ဆိုတဲ့အချက်တွေ နောက်ပြီးတော့ ဗဟိုဘဏ်က ပြည်တွင်းဘဏ်တွေကို သတ်မှတ်ထားတဲ့အချက်တွေ ဥပမာဆို Capital Accuracy Ratio လို အချက်မျိုး၊ ဒီ Liquidity Ratio လို အချက်မျိုး၊ ဒီလိုသတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကိုလည်း လိုက်နာရမယ်ဆိုတဲ့အချက်သည် Full Branch အနေနဲ့မဟုတ်ဘဲနဲ့ Subsidiary တစ်ခုအနေနဲ့ လိုက်နာရမယ့်အချက်များဖြစ်ပါတယ်။ သို့သော် ဒီနိုင်ငံခြားဘဏ်တွေသည် Full Branch သာဖြစ်တဲ့အတွက် Subsidiary တစ်ခုကဲ့သို့ သူ့အနေနဲ့ မြန်မာနိုင်ငံမှာ Register လုပ်ပြီးတော့ Incorporation လုပ်စရာမလိုတဲ့အကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဟောင်းနွမ်း၊ မင်စွန်းနေသော ဒေါ်လာများကို ဘဏ်များက မည်သည့်အတွက်ကြောင့် လက်မခံခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားများထံမှ Travellers Cheque များကို လက်ခံနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်လာတဲ့ဧည့်သည်တော်များ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်း ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာန၊ ပုဂံဌာနခွဲကနေပြီးတော့ ကမ္ဘာလှည့်ခရီးသည်တွေဆီကို ကျွန်တော်တို့ ဇုန်ဝင်ကြေးတွေကောက်နေပါတယ်။ အဲ့ဒီလိုကောက်တဲ့အခါမှာ ကောက်ရတဲ့ဒေါ်လာ တွေကို ရန်ကုန်ရုံးချုပ်ကိုပို့ရပါတယ်။ ရန်ကုန်ရုံးကနေတစ်ဆင့် MFTB ကိုပို့တဲ့အခါမှာ၊ အပ်နှံရတဲ့ အခါမှာ နွမ်းနေတဲ့ဒေါ်လာတွေ၊ မင်စွန်းတွေပါတဲ့ဒေါ်လာတွေဆို လက်မခံဘဲနဲ့ Correction သဘော မျိုးနဲ့သိမ်းယူထားလိုက်တာတော့ တွေ့ပါတယ်။ နောက်တစ်ခုက ရန်ကုန်ကိုသွားပြီးတော့ ပို့ရတဲ့စရိတ် လည်းကုန်ပါတယ်။ ညောင်ဦးမှာ မြန်မာ့စီးပွားရေးဘဏ်မှာ အပ်နှံခွင့်ရလို့ရှိရင် ခရီးစရိတ်ဘာညာ ကျွန်တော်တို့က ကုန်စရာမလိုတော့ဘဲနဲ့ ညောင်ဦးတင်ပဲ ကျွန်တော်တို့က ညောင်ဦးဘဏ်ကနေပဲအပ် လို့ရတယ်။ နောက်တစ်ခုက ရန်ကုန်ရုံးချုပ်ကနေ တဖန်အပ်နှံတဲ့အခါမှာလည်း တချို့ဒေါ်လာလေး တွေမှာ သူတို့နိုင်ငံတွေက တံဆိပ်ဝိုင်းလေးတွေပါလာတာ။ တံဆိပ်ဝိုင်းလေးတွေပါတယ်ဆိုပြီးတော့ အဲ့ဒါလည်း သူတို့ကလက်မခံဘူး။ အဲ့ဒီလို ဖြစ်တဲ့အခါမှာ ကျွန်တော်တို့က အခု ဘယ်လိုကောက်ရ သလဲဆိုတော့ ကမ္ဘာ့လှည့်ခရီးသည်တွေထံက မနွမ်းတဲ့ဒေါ်လာတွေကိုပြောပြီးတော့ မင်စွန်းမပါတာ တို့၊ ထောင်မလဲသဲကော် ဒီလို အသစ်ကျပ်ချွတ်လိုဟာတွေကို ကျွန်တော်တို့ ကောက်နေရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကမ္ဘာ့လှည့်ခရီးသည်များကလည်း မကျေမနပ်နဲ့ မကြာခဏ စကားများရတာ တွေရှိပါတယ်။ တချို့ကမ္ဘာလှည့်ခရီးသည်များကလည်း Travellers Cheque တွေပါလာတယ်။ ပါလာတဲ့အခါကျတော့ သူတို့က ဒေါ်လာပါမလာဘူး။ Travellers Cheque က ကျွန်တော်တို့က ယူခွင့်မရတဲ့အခါကျတော့ အခက်အခဲတွေ့ရပါတယ်။ မကြာမီမှာလည်း နိုင်ငံခြားဘဏ်များ မြန်မာနိုင်ငံကို လာရောက်ဖွင့်လှစ်မယ်လို့ ကြားသိရပါတယ်။ အဲ့ဒီကျရင် အဆင်ပြေမယ်လို့ ကျွန်တော်

ထင်ပါတယ်။ မေးလိုတဲ့အချက် (၃)ချက်ကို ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

(၁)ကတော့ Travellers Cheque များကို လက်ခံနိုင်ခြင်းရှိ/မရှိ။ (၂) နွမ်းနေသော ဒေါ်လာ များနှင့် မင်စွန်းအနည်းငယ်ပါသော ဒေါ်လာများကို မည်သည့်အတွက်ကြောင့် ဘဏ်များက လက်မခံ ပါသလဲ သိလိုပါတယ်ခင်ဗျား။ (၃) ကတော့ ခရီးစရိတ်များ သက်သာမှုရှိစေရန်အတွက် ဒေသခံ မြန်မာ့စီးပွားရေးဘဏ်တွင် ဒေါ်လာများအပ်နှံခြင်းကို လက်ခံနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဗဟိုဘဏ်မှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးဆုံးအနေနဲ့ ဒေါ်လာအစွန်းအထင်းနဲ့ ပတ်သက်တဲ့အချက်များကို ကျွန်တော်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ နိုင်ငံခြား ဘဏ်လုပ်ငန်းလုပ်တဲ့ ပြည်တွင်းဘဏ်အနေနဲ့က နိုင်ငံခြားငွေစက္ကူကို ခုနလို ကမ္ဘာလှည့်ခရီးသွားတွေ ကနေပြီးတော့ လက်ခံတာဖြစ်စေ၊ Money Changer တွေကနေဖြစ်စေ ဒီငွေစက္ကူတွေရလာတဲ့ အခါမှာ ဒီငွေစက္ကူတွေနဲ့ နိုင်ငံတကာငွေပို့တဲ့လုပ်ငန်းဖြစ်တဲ့ International Remittance တွေ၊ နောက်ပြီးတော့ နိုင်ငံတကာကုန်သွယ်ရေးငွေပေးချေမှုများဖြစ်တဲ့ International Trade Transactions တွေကို ဒီငွေစက္ကူတွေနဲ့ လုပ်လို့မရပါဘူးခင်ဗျား။ အဲ့ဒီလိုမရတဲ့အတွက် ပြည်တွင်း ဘဏ်တွေကနေပြီးတော့ နိုင်ငံတကာထုံးစံကတော့ မိမိနိုင်ငံမှာ နိုင်ငံခြားဘဏ်များရှိလို့ရှိရင် မိမိ နိုင်ငံရှိ နိုင်ငံခြားဘဏ်များမှသော်လည်းကောင်း၊ ဒါမှမဟုတ်ရင် မိမိနိုင်ငံမှာ မရှိလို့ရှိရင် နိုင်ငံရပ်ခြား ကို Exceed ဖြစ်တဲ့ ပိုလျှံတဲ့ငွေစက္ကူများကို တင်ပို့ Currency Shipment လုပ်ပြီးတော့ အဲဒီ နိုင်ငံမှာရှိတဲ့ ၎င်းတို့ရဲ့ Correspondence Bank တွေမှာရှိတဲ့ သူတို့ရဲ့ Nostro Account ထဲကို ဖြည့်တင်းပေးလေ့ ထုံးစံရှိပါတယ်ခင်ဗျား။ ဒါပေမယ့် မြန်မာနိုင်ငံမှာ အဲဒီလို လုပ်ခွင့် မရခဲ့တဲ့အတွက် ပြည်တွင်းဘဏ်တွေအနေနဲ့ကလည်း သူတို့လက်ခံတဲ့အခါ ဒီ Currency Shipment မလွယ်တဲ့ အတွက် လက်ခံတဲ့အခါမှာ ဒီနိုင်ငံခြားငွေစက္ကူတွေကို အစွန်းအထင်းတွေ ပါလား၊ မပါလားဆိုတာ သေသေချာချာစိစစ်တာ ဖြစ်ပါလိမ့်မယ်။ အခုနောက်ပိုင်းမှာတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေနဲ့ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်တဲ့ ပြည်တွင်းဘဏ်တွေအားလုံးကို သူတို့မှာရှိတဲ့ ငွေစက္ကူတွေ Exceed

ပိုလျှံလို့ရှိရင် သူတို့တွေရဲ့ ပြည်ပမှာရှိတဲ့ Correspondence Bank တွေကို Currency Shipment လုပ်ပြီးတော့ ဒီ Correspondence Bank တွေမှာရှိတဲ့ Nostro Account တွေမှာ ငွေပမာဏ နဲ့ညီမျှတဲ့ Amount တွေကို ထည့်သွင်းနိုင်ဖို့လို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ လုပ်ခွင့်ပေးထားပြီးသားဖြစ်ပါတယ်။ နိုင်ငံခြားမှာရှိတဲ့ Correspondence Bank အများစုကလည်း ဒီ နိုင်ငံခြားငွေစက္ကူတွေ လက်ခံတဲ့အခါမှာ အစွန်းအထင်းတွေပါ/မပါကို သေချာစိစစ်တာထက် ဒီငွေ စက္ကူများဟာ Counter Faith အတုဟုတ်/မဟုတ်ကိုသာ စိစစ်တာဖြစ်တာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ၁၇-၁၀-၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ညွှန်ကြားချက် အမှတ်(၇/၂၀၁၂-၂၀၁၃)နဲ့ ဟောင်းနွမ်းသော နိုင်ငံခြားငွေစက္ကူများ၊ Money Changer တံဆိပ်နဲ့ အခြားစည်းတံဆိပ်များပါရှိသော ငွေစက္ကူများ၊ မင်ရာများ၊ လက်မှတ်များပါရှိသော နိုင်ငံခြားငွေစက္ကူ များ၊ စွန်းထင်း၍ spot အစက်များပါရှိသော နိုင်ငံခြားငွေစက္ကူများ ခေါက်ရိုးကျိုးပွန်း၍ အစွန်း အကွက်များရှိသော ငွေစက္ကူများ၊ အနားထောင့်များ အနည်းငယ်စုတ်ပြဲသော နိုင်ငံခြားငွေစက္ကူများကို လက်ခံဖို့လို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များအားလုံးကို ညွှန်ကြားပြီးဖြစ်ကြောင်းကို လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယအပိုင်း မေးခွန်းအနေနဲ့ကတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ဒေသခံဘဏ်ခွဲတွေမှာ ဒေါ်လာ(နိုင်ငံခြားငွေ)ထည့်သွင်းလို့ရ/မရဆိုတဲ့အချက် ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ခွဲ (MEB) အားလုံးပေါင်း ၅၉ ဘဏ်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့မှ Authorize Dealer License ပေးထားပြီးဖြစ်ပါတယ်။ ဒီ ၅၉ ခုမှာ ဒေသခံ ၅၉ ဒေသမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲ တွေမှာ နိုင်ငံခြားငွေများ အပ်နှံနိုင်ပြီဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်(ပုဂံ-ညောင်ဦးဘဏ်ခွဲ)ကို ဗဟိုဘဏ်အနေနဲ့ Authorize Dealer License၂၉-၆-၂၀၁၁ ခုနှစ်ကတည်းက ပေးထားပြီးဖြစ်ပါ တယ်။ အဲဒါကြောင့်မို့လို့ မြန်မာ့စီးပွားရေးဘဏ်(ပုဂံ-ညောင်ဦးဘဏ်ခွဲ)မှာ နိုင်ငံခြားငွေဖြင့် စာရင်းရှင် အပ်ငွေ စာရင်းများဖွင့်လှစ်၍ အပ်နှံနိုင်ကြောင်းကိုလည်း ဤနေရာမှနေ၍ လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။ ဒုတိယမေးခွန်း နောက်ဆုံးအပိုင်းဖြစ်တဲ့ TC လို့ခေါ်တဲ့ Traveler Cheque နဲ့ ပတ်သက်တဲ့အကြောင်းများဖြစ်ပါတယ်။ TC လို့ခေါ်တဲ့ Traveler Cheque ဆိုတာကတော့ တစ်နေရာကနေ တစ်နေရာ၊ တစ်နိုင်ငံကနေ တစ်နိုင်ငံသယ်ဆောင်သွားတဲ့အခါမှာ ငွေကြေးနဲ့သယ် ဆောင်သွားမယ်၊ Cash အနေနဲ့ သယ်ဆောင်သွားမယ်ဆိုလို့ရှိရင် ဒီ Cash လမ်းမှာကျပျောက် သွားနိုင်တဲ့အန္တရာယ်ရှိတဲ့အတွက် Traveler Cheque ကို တွင်တွင်ကျယ်ကျယ် သုံးခဲ့ကြပါတယ်။

Traveler Cheque(TC) ကို ထုတ်တဲ့(Issue) လုပ်တဲ့အချိန်မှာ လက်မှတ်ထိုးရပါတယ်။ နောက် ဒီ TC ကို သုံးမယ်ဆိုတဲ့အချိန်မှာ လက်မှတ်တစ်ခု ထပ်ထိုးပြီးတော့မှ သုံးရတာဖြစ်တဲ့အတွက် ဒုတိယ လက်မှတ်မထိုးရသေးတဲ့အချိန်မှာ Traveler Cheque က ခရီးသွားရင်းနဲ့ ပျောက်သွားလို့ရှိရင် ငွေကြေးဆုံးရှုံးမှုမရှိတဲ့အတွက် Traveler Cheque များကို တော်တော်များများ သုံးခဲ့ကြပါတယ် ခင်ဗျား။ ဒါပေမယ့် နောက်ပိုင်းမှာ Electronic Card တွေ၊ International Debit Card တွေ၊ International Credit Card တွေ ပေါ်လာတဲ့နောက်ပိုင်းမှာ ဒီ Traveler Cheque တွေကို သုံးတဲ့အသုံးပြုမှုဟာ တစ်ကမ္ဘာလုံးမှာ အင်မတန်နည်းသွားသလို Traveler Cheque တွေကို လက်ခံတဲ့နေရာမှာလည်း တစ်ကမ္ဘာလုံးမှာ အင်မတန်နည်းသွားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ ဒီ Traveler Cheque များ လက်ခံခဲ့လို့ရှိရင်လည်း MFTB လို့ခေါ်တဲ့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ MICB လို့ခေါ်တဲ့ Myanmar Investment Commercial Bank တွေမှာ ဒီ Traveler Cheque တွေကို ငွေလဲလှယ်နိုင်ပြီးတော့ Authorize Dealer License ရထားတဲ့ ပုဂ္ဂလိကဘဏ်တွေမှာလည်း Traveler Cheque တွေကို လက်မခံရဆိုတဲ့ တားမြစ်ချက်များ ဗဟိုဘဏ်က တားမြစ်မထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒါပေမယ့် အရင်ကတော့ ကျွန်တော်တို့ အနေနဲ့ Electronic Card တွေ၊ International Credit Card တွေ မြန်မာနိုင်ငံမှာ သုံးလို့မရပါ ဘူးခင်ဗျ။ အဲဒီလိုမရတဲ့အချိန်မှာတော့ Traveler Cheque တွေကို ကမ္ဘာ့လှည့်ခရီးသွားတွေက တော်တော်များများ သုံးခဲ့ကြပါလိမ့်မယ်။ ဒါပေမယ့် ကမ္ဘာလှည့်ခရီးသွား အယောက် ၁၀၀ မှာ ၉၉ ယောက်ဟာ Traveler Cheque ကို ကိုင်လာပြီးတော့ ခရီး သွားတာထက်စာရင် အခုနောက်ပိုင်းမှာ International Debit Card တွေ၊ International Credit Card တွေနဲ့ ခရီးသွားတာက သူတို့ အတွက် ပိုပြီးတော့ အဆင်ပြေပါလိမ့်မယ်။ အဲဒါကြောင့်မို့လို့ အရင်ကတော့ မြန်မာနိုင်ငံမှာ ဒီ International Credit Card တွေ သုံးလို့မရပါဘူးခင်ဗျ။ အခု အချိန်မှာတော့ ကျွန်တော်တို့ တစ်ကမ္ဘာလုံးမှာ ရေပန်းစားနေတဲ့ VISA Card ၊ Master Card နောက်ပြီးတော့ JCB Card ၊ CUB Card ဆိုတဲ့ ဒီ International Credit Card တွေကို မြန်မာနိုင်ငံမှာ ပေးချေလို့ရပါပြီ။ ဒီ International Credit Card တွေရဲ့ Acquiring Agent အဖြစ် သတ်မှတ်ထားတဲ့ ပုဂ္ဂလိက ဘဏ်တွေမှာ International Card တွေရဲ့ ပေးချေမှုကို လက်ခံချင်တဲ့ လုပ်ငန်းရှင်များအနေနဲ့ ဒီဘဏ်တွေကို သွားရောက်ပြီးတော့ စုံစမ်းလို့ ရနိုင်ပါတယ်ခင်ဗျား။ ဒီဘဏ်တွေမှာ International Credit Card ဘယ်လိုပုံစံမျိုးနဲ့ လက်ခံမလဲဆိုတဲ့အချက်ဆိုတာကတော့ e-Commerce Website ကြီးထောင်ပြီးတော့ e-Commerce Website မှာ ကိုယ့်ရဲ့ပစ္စည်းတွေရောင်း၊ ဝန်ဆောင်မှုတွေ

ရောင်း။ ပြီးတော့ e-Commerce Website မှတစ်ဆင့် International Card ပေးချေမှုမျိုးနဲ့ လက်ခံမှာလား။ ဒါမှမဟုတ်ရင် မိမိလုပ်ငန်းမှာ ပစ္စည်းရောင်းတဲ့အခါမှာ၊ ဝန်ဆောင်မှုရောင်းတဲ့အခါမှာ POS လို့ခေါ်တဲ့ Point of Sale Device လေးတွေတပ်ပြီးတော့ လက်ခံမှာလားဆိုတဲ့ နည်းမျိုးစုံနဲ့ လက်ခံတဲ့ ပုံစံမျိုးစုံကို မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိက Acquiring Agent ရထားတဲ့ ပုဂ္ဂလိက ဘဏ်များမှာ သွားရောက်စုံစမ်းပြီးတော့ လက်ခံနိုင်ကြောင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ကတော့ တစ်ကမ္ဘာလုံးမှာ ကာလာတီဗွီတွေ၊ Flat တီဗွီတွေ၊ 3D တီဗွီတွေ အကုန်လုံးကြည့်နေတဲ့ အချိန်မှာတော့ Black and White တီဗွီကိုတော့ အကျယ်အပြန့် ကျွန်တော် မကြည့်စေချင်ပါဘူး ခင်ဗျား။

အဲဒါကြောင့်မို့လို့ တစ်ဟုန်ထိုးပြောင်းလဲနေတဲ့ နိုင်ငံတကာ ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေး ကဏ္ဍကြီးမှာ တခြားနိုင်ငံနဲ့ မယှဉ်သေးနိုင်ရင်တောင်မှ တခြားနိုင်ငံထက် အများကြီး နောက်မကျသွား နိုင်အောင်လို့ ကျွန်တော်တို့ Electronic Money တွေ၊ International Debit Card တွေ၊ International Credit Card တွေ၊ Mobile Banking တွေ၊ Mobile Payment တွေ၊ Mobile Wallet တွေဆိုတဲ့ ဒီ Electronic Money တွေကို ပိုပြီးတော့ တွင်တွင်ကျယ်ကျယ် မြန်မာနိုင်ငံမှာ သုံးနိုင်အောင်လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းကို လေးစား စွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော စစ်ဘက်ရာထူးနှင့် အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၁၀ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်း ကိုကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁-၈-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါ တယ်။ ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းရန် ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပေးပို့လာသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကိုကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ကော်မတီကိုယ်စား လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကိုကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၂၈-၇-၂၀၁၄ ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ပြီး ၃၁-၇-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကိုကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲရာတွင် မှန်ကန်တိကျမှုဖြစ်စေရန်ရည်ရွယ်၍ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂-၉-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီစိစစ်ခဲ့ကြရာ ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ် (၃) ခု ပါရှိပြီး ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်သည့်အတွက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကိုကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား သဘောတူလက်ခံပါသည်။

၄။ သို့ဖြစ်ပါ၍ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာဖော်ပြ၍ ၁၆-၉-၂၀၁၄ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၅-၉-၂၀၁၄ (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၄၀ နာရီအချိန်တွင်ရပ်နားပါသည်။]**

**မူကြမ်း**